ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ရင်းတိုက်ကုန်းကျေးရွာ၊ ပက်မခန်းကျေးရွာအုပ်စု

၂၀၁၈-ခုနှစ် ကြံခင်းမြို့နယ်

မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်
အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်
သုံးသပ် ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀ ။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရေနီတောင်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကျေးရွာ မြေပုံ (တည်နေရာ)




ရင်းတိုက်ကုန်းကျေးရွာတည်နေရာပြမြေပုံ

**၃။ပက်မခန်းအုပ်စုတွင်ပါဝင်သောကျေးရွာများစရင်း**

၁။ ပက်မခန်းကျေးရွာ

၂။ အင်းပက်လက်ကျေးရွာ

**၃။ ရင်းတိုက်ကုန်းကျေးရွာ**

၄။ ကြပ်ခေါင်းကျေးရွာ

၅။ ရွှေလောင်းကုန်းကျေးရွာ

၆။ မြောက်ကုန်းကျေးရွာ

၇။ သဲကောကျေးရွာ

၈။ လမိုင်းကွင်းကျေးရွာ

## ၄။ ကျေးရွာအခြေခံ အချက်အလက်

ရင်းတိုက်ကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ပက်မခန်းအုပ်စု အတွင်းတည်ရှိသော ကျေးရွာကလေးဖြစ်သည်။ အိမ်ခြေ ၃၀-အိမ် ရှိပြီး၊ အမျိုးသား ၅၆-ဦး၊ အမျိုးသမီး ၅၅-ဦး ရှိပါသည်။ ကြံခင်းမြို့နှင့် ၁၀-မိုင်ခန့် ကွာဝေးပြီး၊ မိုးရာသီတွင် လမ်းများပျက်စီးသောကြောင့် ခက်ခဲစွာ သွားလာကြရသည်။ အုပ်စုရွာနှင့် ၁ဖာလုံ-ခန့် ကွာဝေးပါသည်။ ကျေးရွာဖွံ့ဖြိုးမှုသည် အခြားကျေးရွာများထက် အားနည်းနေသည်ကို တွေ့မြင်နိုင်သည်။

ကျေးရွာအခြေခံအဆောက်အဦးအနေဖြင့်ပက်မခန်းဘုန်းတော်ကြီးကျောင်းသို့သွားရောက်ကိုး ကွယ်ကြ ပါသည်။ ကလေးများ ပညာရေးသင်ကြားရန်အတွက် အ.မ.က ပက်မခန်းကျောင်းတွင် ပညာသင်ကြားနေရသည်။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကို အ.ထ.ကခွဲ မျောက်ချောကုန်းသို့ သွားရောက်ပညာသင်ကြားရသည်။


လယ်ယာလုပ်ငန်း၊ မြေပဲစိုက်လုပ်ငန်းများသည် ကျေးရွာ၏အဓိက အသက်မွေးဝမ်းကြောင်း လုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ ကျပန်းလုပ်ငန်း လုပ်ကိုင်ကြရသူများလည်း ရှိပါသည်။ ကျေးရွာသူ/ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

# ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 26.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 3 | 5 | 8 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 4 | 7 | 11 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 26.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 4 | 6 | 10 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 26.9.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 5 | 7 | 12 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 26.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | 3 | 6 | 9 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 26.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 7 | 12 | 19 | -အရင်းအမြစ်များအပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 7 | 12 | 19 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 7 | 12 | 19 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 26.9.2017 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 7 | 12 | 19 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>



လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)**

- လယ်ယာ ၊ကိုင်း၊ ချောင်း များကိုမှီခိုပြီး အသက်မွေးဝမ်းကြောင်းပြုကြသည်။
- ရေအရင်းအမြစ်ပေါ်များသော်လည်း သောက်သုံးရေအတွက်အခက်ခဲအနည်းငယ်ရှိပါသည်။
- ရွာ၏အလယ်တွင်းချောင်းရှိ၍ မိုးရာသီတွင်နှစ်စဉ်ချောင်းရေလျှံသောကြောင့် လမ်းများနှစ်စဉ်ပျက်စီးပါသည်။
- မိုးရာသီတွင် ဆက်သွယ်ရေးလမ်းများပျက်စီးမှုကြောင့် ပညာရေး ၊ ကျန်းမာရေး ၊ စီးပွားရေးအတွက် သွားလာမှုတွင်များစွာအခက်အခဲရှိသည်။
- ပထမနှစ် စီမံကိန်းစက်ဝန်းတွင် ရာသီဥတု အခက်အခဲကြောင့် စီမံကိန်းလုပ်ငန်းကိုအကောင်အထည်ဖော်မဆောင်ရွက်နိုင်ခဲ့ပါ။


<u>ဖွံ့ဖြိုးရေးလိုအပ်ချက်</u>

- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊
- ရွာတွင်းလမ်းများကောင်မွန်ရန်၊
- သောက်သုံးရေသန့်ရရှိရန်၊
- ကျေးရွာ အစည်းအဝေးခန်းမများရှိရန်၊
- အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊
- စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းများ ပို့ချပေးရန်၊
- အိမ်တွင်းအတတ်ပညာသင်တန်းများ ပို့ချပေးရန်၊
- စက်မှုပညာသင်တန်းများ ပို့ချပေးရန်၊

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း

လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) <u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>




လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာခနေကြွယ်ဂမ္ဘူဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာတွင်လူမှုအဆင့်သတ်မှတ်ရာတွင်(က၊ခ၊ဂ၊ဃ)အဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။အဆင့်(က)အိမ်ထောင်စုများသည် ချမ်းသာသောအုပ်စု၊ အဆင့်(ခ)အိမ်ထောင်စုများသည် အသင့်အတင့်အုပ်စု၊အဆင့်(ဂ)အိမ်ထောင်စုများသည် နွမ်းပါးသောအုပ်စု၊ အဆင့်(ဃ)အိမ်ထောင်စုများသည် အလွန်နွမ်းပါးသော အုပ်စုများဟူ၍သတ်မှတ်သည်.
- ချမ်းသာသောအုပ်စုမှာ (၄)အိမ်ထောင်စု၊အသင့်အတင့်အိမ်ထောင်စုမှာ(၆)အိမ်ထောင်စု၊နွမ်းပါးသောအုပ်စုမှာ (၁၅)အိမ်ထောင်စု၊အလွန်နွမ်းပါးသောအုပ်စုမှာ (၅)အိမ်ထောင်စု သတ်မှတ်ခဲ့သည်။
- နွမ်းပါး၊အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများခြင်း၊ ပုံမှန်ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ဗဟုသုတနည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသောသူ များနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကို ဦးစားပေးစဉ်းစားရေးဆွဲခဲ့သည်။
- ကျေးရွာ၏အခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများရေးဆွဲအကောင်အထည်ဖော်လုပ်ငန်းများတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ခ) ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။





ရာသီခွင်ပြက္ခဒိန်

ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ မြေပဲ၊ မတ်ပဲစိုက်ပျိုးရေးလုပ်ငန်း များသည် ကျေးရွာ၏ဝင်ငွေရရှိသော လုပ်ငန်းများဖြစ်သည်။
- လယ်ယာလုပ်ငန်း၊မြေပဲလုပ်ငန်းများလုပ်ဆောင်ချိန်တွင်လုပ်အားခများများရရှိ၊(တစ်ဆယ့်နှစ်လရာသီပတ်လုံး ပျှမ်းမျှဝင်ငွေ ရရှိမှု နည်းပါးကြသည်။
- အခြားလုပ်ငန်းများမှ ဝင်ငွေလုံလောက်မှုမရှိ(လက်လုပ်လက်စား၊ကောက်စိုက်၊ ကောက်ရိတ်၊မြေပဲစိုက်၊ မြေပဲနှုတ်၊ မတ်ပဲရိတ်)။
- တစ်နေ့တာအတွင်း အမျိုးသားနှင့်အမျိုးသမီး ဝင်ငွေရရှိမှု တူညီမှုများရှိသလို မတူညီမှုများလည်းရှိသည်။ (အမျိုးသမီးများမှာ အိမ်တွင်းမှု အလုပ်များနှင့် အချိန်ကုန်နေရသည်။)
- အမျိုးသားများမှ တာဝန်ယူခွဲယူမှုနှင့် ကျား/မရေးရာ သိမြင်လာအောင် ဆွေးနွေး၊(အိမ်တွင်းမှုပိုင်းတွင် အမျိုးသားများတာယူရာတွင် အမျိုးသမီးများအတွက်ဝင်ငွေရရှိနိုင်၊)
- တန်းတူညီမျှမှုနှင့် သာတူညီမျှအကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။
- တန်ခူး၊ ကဆုန်၊ နယုန်၊ ၊ တပိုတွဲ၊တပေါင်းလ များတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေးမှာ ထူးခြားသောရောဂါ များမရှိ၊ ရာသီအကူးအပြောင်းများတွင် ကျန်းမာရေး မကောင်း၊ ကလေးငယ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမရှိ၊ နယုန်လတွင် အပူဝမ်းရောဂါများနှင့် တော်သလင်း၊ သီတင်းကျွတ် ရာသီအကူးအပြောင်းများတွင်နာစေး၊ချောင်းဆိုး၊တုတ်ကွေးရောဂါများဖြစ်ပွားတတ်သည်။ကျန်းမာရေးအရေးပေါ်ကြုံတွေ့ရလျှင် ဘက်ရဲ၊ ကြံခင်း မြန်အောင် ပြည်သူ့ဆေးရုံတွင် သွားရောက်ပြသကြသည်။
- ပွဲတော်များအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့တွင် ဆီမီးပူဇော်ပွဲ၊ ပြာသိုလတွင် တရားစခန်းပွဲ စသည်တို့ ကျင်းပပြုလုပ်ကြသည်။
- ဝမ်းစာဖူလုံမှုအနေဖြင့် ဝင်ငွေကောင်းမွန်သောလများတွင် ဝမ်းစာဖူလုံမှုရှိပြီး၊ ဝင်ငွေနည်းပါးသောလများတွင် ဝမ်းစာဖူလုံမှုနည်းပါးသည်ကို တွေ့ရှိရသည်။
- လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကျေးရွာတွင် လမ်းမှာ မြေသားလမ်းဖြစ်သည်။ရွာချင်းဆက်လမ်းများမှာလည်းမြေသားလမ်းများဖြစ်သည်။ကျေးရွာနှင့်အခြားကျေးရွာများသို့ဆက်သွယ်ရာတွင် လမ်းမှာ ကောင်းမွန်မှုမရှိ၊(မိုးတွင်းရာသီများတွင် ခက်ခဲမှုရှိသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဃ)ပင့်ကူအိမ်နှင့် သုံးသပ်ချက်



ပင့်ကူအိမ်ကွန်ယက်


**ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ ပညာရေး၊ အလုပ်အကိုင်၊ အရင်းအမြစ်၊ အဖွဲ့အစည်း၊ လုံခြုံမှု၊ အုပ်ချုပ်မှု တို့တွင် အားနည်းနေသည် ကိုဆွေးနွေးဖော်ထုတ်ခဲ့သည်။ အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှုတွင်သာ အားကောင်းပြီး၊ ကျန်နေရာများတွင် အားနည်းနေသည်ကို တွေ့ရှိရသည်။အမျိုးသမီးများသည် အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊ အမျိုးသမီးများအနေဖြင့် အခြားဝင်ငွေရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။
- ကျေးရွာတွင် အမျိုးသမီးများသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း

လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(င) <u>အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>




အရင်းအမြစ်များအပေါ် အသုံးပြုမှုနှင့်ထိန်းချုပ်မှုပြပုံ

**<u>အရင်းအမြစ်ထိန်းချုပ်မှုနှင့်ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းတွေ့ရှိရသည်။
- ဝက်၊ ကြက်တို့ကိုသာ အမျိုးသမီးများ အသုံးပြုကြသည်ကိုသာ တွေ့ရှိရသည်။
- လယ်ထွန်စက်၊ နွား၊ လှည်း၊ မြက်ဖြတ်စက်၊ ရေတင်စက် စသည်တို့ကို အမျိုးသားများ သီးသန့်အသုံးပြုကြသည်။
- လယ်၊ ယာ၊ ဝါးခြံ၊ သစ်ခြံ၊ ဆိုင်ကယ်၊ စက်ဘီး၊ စပါး၊ မတ်ပဲ၊ မြေပဲ၊ မတ်ပဲ စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။
- အရင်းအမြစ်များထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များချရာတွင် အများအားဖြင့် အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအ မြစ်များမှာ အလွန်ပင် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်၊အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ။</u>





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများက အဓိက ဦးဆောင်ပြုလုပ်ကြသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးပိုင်းမှ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့နှင့် လည်းပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်း လုပ်ဆောင်ကြသည်။ ဘာသာရေးတွင်လည်း အမျိုးသမီးများပါဝင်သည့် ပရိတ်အသင်း၊ အမျိုးသားများပဲဖွဲ့စည်းထားသော ဂေါပက အဖွဲ့ဟူ၍ ထုတ်ဖော်ဆွေးနွေးခဲ့သည်။
- စာသင်ကျောင်းကော်မတီအဖွဲ့ရှိပြီး ပက်မခန်းကျောင်းကော်မတီအဖွဲ့နှင့် ပူးပေါင်း၍ ပက်မခန်းကျောင်းအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည်ကို တွေ့ရှိရသည်။
- အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်သည့် လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့မှာလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုနှင့်အတူ ပူပေါင်းဆောင်ရွက်၍ လုပ်ဆောင်ကြသည်။
- ကျေးရွာဖွံ့ဖြိုးရေလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာတွင်းရှိကော်မတီများ အဖွဲ့အစည်းများမှ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။
- လူထုဗဟိုပြုစီမံကိန်း စီ/ထောက်ကော်မတီများအနေဖြင့်လည်း မိမိတို့လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်။

## (ဆ) အမျိုးသား၊အမျိုးသမီးများ၏ အခက်အခဲ ပြဿနာများ




## အခက်အခဲ ပြဿနာများ


အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

- ရေနုတ်မြောင်းများ မကောင်း၍ စိုက်ပျိုးပင်များ ပျက်စီးသည့်အခက်အခဲ။
- မီးလင်းရေးအတွက် ငွေကြေးမပြည့်စုံသည့်အခက်အခဲ။
- နှစ်စဉ်ချောင်းရေလျှံသည့်အတွက် ရွာတွင်းလမ်းများ ပျက်စီးပြီး ပညာရေး ၊ ကျန်းမာရေး၊ စီးပွားရေးအတွက် သွားလာရခက်ခဲခြင်း။
- စာကြည့်တိုက်မရှိသည့်အခက်အခဲ။
- စိုက်ပျိုးရေး မြေဩဇာများ အလွယ်တကူ မရရှိခြင်း။
- စပါးစိုက်ပျိုးရေးအတွက် ရေရှိမှု ခက်ခဲခြင်း။
- စိုက်ပျိုးရေး၊ နည်းစနစ်သင်တန်းပေးမှု မရှိခြင်း။

အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ

- လမ်းမကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များ အခက်အခဲရှိခြင်း။
- ပုံမှန်ဝင်ငွေ ရသည့်လုပ်ငန်းများမရှိသည့်အခက်အခဲ။
- လျှပ်စစ်မီးမရှိသည့်အတွက် လူနေမှုအဆင့်အတန်း နိမ့်ကျနေခြင်း။
- အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း။
- ရေနုတ်မြောင်းများမကောင်းသည့်အတွက် နှစ်စဉ်ချောင်းရေလျှံပြီးလမ်းများပျက်စီးသည့်အခက်အခဲ။

## (၉) ကျေးရွာ (အမျိုးသား၊ အမျိုးသမီး) မျှော်မှန်းချက်



# ကျေးရွာမျှော်မှန်းချက်များ


အမျိုးသားများမှ တင်ပြသော မျှော်မှန်းချက်များ

- လမ်းပန်းဆက်သွယ်ရေး ပြီးပြည့်စုံကောင်းမွန်လျှင် ဘက်စုံဖွံ့ဖြိုးမည်ဟု
- ကျေးရွာတွင် လူနေမှုအဆင့်အတန်းများ မြင့်မားရန်၊
- အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊
- လျှပ်စစ်မီး ရရှိရန်၊
- ပညာရေးအဆင့် မြင့်မားလာရန်၊
- မီးဘေးအန္တရာယ်များ ကာကွယ်နိုင်ရန်၊
- အသက်မွေးဝမ်းကြောင်း သင်တန်းများ ရရှိရန်၊

အမျိုးသမီးများမှ တင်ပြသော မျှော်မှန်းချက်များ


- လမ်းများကောင်းမွန်လျှင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်၊
- ကျန်းမာရေး စောင့်ရှောက်မှုကောင်းများရရှိရန်၊
- လျှပ်စစ်မီးများ လင်းနိုင်ပြီး အိမ်တွင်းမှုများ အချိန်ကုန်သက်သာစေရန်၊
- ပညာရေး အဆင့်နှင့် အသိပညာများ မြင့်မားလာစေရန်၊
- မီးဘေးအန္တရာယ်များ ကာကွယ်နိုင်ရန်၊
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်၊
- အသက်မွေးဝမ်းကြောင်း သင်တန်းများ ရရှိရန်၊

## (ဈ) ကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်



အမျိုးသား၊ အမျိုးသမီးများ ဆွေးနွေးတင်ပြသော

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းများ

# မဲပေးရွေးချယ်ခြင်း

ကျေးရွာအမျိုးသား၊ အမျိုးသမီးများမှ တင်ပြသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

- (၁) လမ်းမြေကာ (ကျား၊မ)
- (၂) ရွာချင်းဆက်ချောင်းကျောက်လမ်း (ကျား၊မ)
- (၃) စက်ရေတွင်း ၊ရေကန်၊ရေပိုက်သွယ် (ကျား၊မ)
- (၄) ရွာချင်းဆက်ချောင်းကျောက်လမ်း ရင်းတိုက်ကုန်း ကြပ်ခေါင်း (ကျား၊မ)
- (၅) ကျေးရွာတွင်းကျောက်ချောလမ်း (ကျား၊မ)
- (၆) အတိုးသက်သာသောချေးငွေ (ကျား၊မ)
- (၉) စိုက်ပျိုးရေ မလုံလောက်သဖြင့် ရေမြောင်းပြန်လည်ဖော်ထုတ်ပေးရန်
- (၁၀) ဒေသထွက်ကုန်ပစ္စည်းများ ဈေးကောင်းရရှိအောင် ဆောင်ရွက်ပေးရန်
  စသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။





ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

ပက်မခန်းအုပ်စု ရင်းတိုက်ကုန်း+ရွှေလောင်းကုန်းကျေးရွာ

ပြန်လည်ဖွဲ့စည်းသည့်ရက်စွဲ။ ။27-9-2017

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးကျော်မျိုးဦး | 09-451399180 | ရင်းတိုက်ကုန်း |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်သင်းသင်းအေး | 09-253001522 | ရွှေလောင်းကုန်း |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မိုးခိုင် | | ရင်းတိုက်ကုန်း |
| ၄ | | အဖွဲ့ဝင် | ဦးဝင်းနိုင် | | ရင်းတိုက်ကုန်း |
| ၅ | | အဖွဲ့ဝင် | ဦးဇေယျာလင်း | | ရွှေလောင်းကုန်း |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းထွန်း | 09-400684386 | ရင်းတိုက်ကုန်း |
| ၇ | | အဖွဲ့ဝင် | ဦးကျော်လွင် | | ရွှေလောင်းကုန်း |
| ၈ | | အဖွဲ့ဝင် | ဒေါ်ခင်ဝိုင်း | | ရွှေလောင်းကုန်း |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဝါဝါမွန် | 09-258319294 | ရင်းတိုက်ကုန်း |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ဇင်မာလွင် | 09-456903864 | ရင်းတိုက်ကုန်း |
| ၁၁ | | အဖွဲ့ဝင် | ဦးဇော်မင်းနိုင် | | ရွှေလောင်းကုန်း |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ကြူကြူသင်း | 09-780031543 | ရွှေလောင်းကုန်း |
| ၁၃ | အကြံပြုတိုင်ကြားဖြေ ရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးကျော်စိုး | 09-258673453 | ရင်းတိုက်ကုန်း |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဖြိုးဖြိုးဝေ | | ရွှေလောင်းကုန်း |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးတင့်ဇော်ဦး | 09-253001522 | ရွှေလောင်းကုန်း |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ကြည်ငွေ | 09-250743965 | ရင်းတိုက်ကုန်း |

တာဝန်ကျဝန်ထမ်းများ- ဦးကျော်မျိုးဦး (CF)

ဦးသက်ပိုင်ဖြိုး (TF)

# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်၊* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးမြင့်သိန်း | | ၀၉-၂၅၀၇၄၃၈၆၅ | | ဦးကျော်မျိုးဦး |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ပုက်မခုန်း | | ကျေးရွာ ရင်းတိုက်ကျွန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ--- | ၃၁ | ဘာသာ (၁) --ဗုဒ္ဓ----- | ၃၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | ၂ | ၂ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | ၇ | ၇ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)--ဗမာ-- | ၅၈ | ၅၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၃ | ၈ |

## (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| အခြား | | | | | အခြား | ☐ |
|---|---|---|---|---|---|---|
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |

ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| | | | | | | လက်သမား | ☑ | ☑ |
| …န်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| …်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | | | |
| …်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ ဝီးသမား | ☐ | ☑ |
| …ရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| | | | မှတ်ချက် | | | မှတ်ချက် | | |

ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း)
ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား [illegible]

င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် [illegible]/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် [illegible]/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် [illegible] ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် [illegible] ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

ဃ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

ူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

၁) -----------------------------------

၂) -----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးမြင့်သိန်း

လက်မှတ် [signature] နေ့စွဲ ၂၆. ၉. ၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦးကျော်မျိုးဦး

လက်မှတ် [signature] နေ့စွဲ ၂၆. ၉. ၂၀၁၇

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကျော်မျိုးနိုင် CF ၊ ဦးသန်းနိုင်ဖြိုး TF | | | |
| နေ့စွဲ 26. 9. 17 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| မြန်မာနယ်/တိုင်း စစ်ကိုင်း | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ပက်မခုန်း | ကျေးရွာ ရင်းတိုက်ကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.9.17 | 26.9.17 | 7 | 12 | 19 | 19 \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 26.9.17 | 26.9.17 | 7 | 12 | 19 | 19 \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 25.10.17 | 25.10.17 | 10 | 21 | 31 | 31 \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 9.12.17 | 9.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်မျိုးဦး CF ၊ ဦးသက်နိုင်မြင့် TF

| | |
|---|---|
| နေ့စွဲ ၂၆ . ၇ . 2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဟင်းမခန်း | ကျေးရွာ ရင်းတိုက်ကြီး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | နှစ်စဉ်ချောင်းရေလျှံ၍လယ်များပျက်စီးသည့်အခက်အခဲ | ၁ | နှစ်စဉ်ချောင်းရေလျှံ၍လယ်များပျက်စီးသည့်အခက်အခဲ |
| ၂ | လျှပ်စစ်မီးအတွက်ငွေကြေးအထောက်အပံ့မရသည့်အခက်အခဲ | ၂ | လျှပ်စစ်မီးအတွက်ငွေကြေးအထောက်အပံ့မရသည့်အခက်အခဲ |
| ၃ | အထက်တန်းကျောင်းနှင့်အလှမ်းဝေးသည့်အခက်အခဲ | ၃ | အထက်တန်းကျောင်းနှင့်အလှမ်းဝေးသည့်အခက်အခဲ |
| ၄ | လယ်မကောင်း၍ဒေသထွက်ကုန်များဈေးကောင်းမရသည့်အခက်အခဲ | ၄ | ဒေသထွက်ကုန်များဈေးကောင်းမရသည့်အခက်အခဲ |
| ၅ | စိုက်ပျိုးရေးအတွက်မျိုးသန့်များအလွယ်တကူမရရှိသည့်အခက်အခဲ | ၅ | စိုက်ပျိုးရေမလုံလောက်သည့်အခက်အခဲ |
| ၆ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးသည့်အခက်အခဲ | ၆ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးသည့်အခက်အခဲ |
| ၇ | စိုက်ပျိုးရေးနည်းပညာများဈေးကောင်းမရသည့်အခက်အခဲ | ၇ | ရွာချင်းဆက်လမ်းများမကောင်းသည့်အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကွန်ကရစ်လမ်းရှိလာရန်မျှော်မှန်း | ၁ | ကွန်ကရစ်လမ်းရှိလာရန်မျှော်မှန်း |
| ၂ | စိုက်ပျိုးရေးနည်းပညာသင်တန်းများရှိလာရန်မျှော်မှန်း | ၂ | စိုက်ပျိုးရေးနည်းပညာသင်တန်းများရှိလာရန်မျှော်မှန်း |
| ၃ | လျှပ်စစ်မီးလင်းရေးအတွက်နိုင်ငံတော်မှထောက်ပံ့မှုရရှိရန်မျှော်မှန်း | ၃ | လျှပ်စစ်မီးလင်းရေးအတွက်နိုင်ငံတော်မှထောက်ပံ့မှုရရှိရန်မျှော်မှန်း |
| ၄ | အလုပ်အကိုင်အခွင့်အလမ်းများရှိလာရန်မျှော်မှန်း | ၄ | အလုပ်အကိုင်အခွင့်အလမ်းများရှိလာရန်မျှော်မှန်း |
| ၅ | လယ်အားရေတိုက်စားပျက်စီးမှုမှကာကွယ်ရန်မျှော်မှန်း | ၅ | လယ်အားရေတိုက်စားပျက်စီးမှုမှကာကွယ်ရန်မျှော်မှန်း |
| ၆ | ဆေးပေးခန်းရှိလာရန်မျှော်မှန်း | ၆ | ဆေးပေးခန်းရှိလာရန်မျှော်မှန်း |
| ၇ | သောက်သုံးရေသန့်ရရှိရန်မျှော်မှန်း | ၇ | သောက်သုံးရေသန့်ရရှိရန်မျှော်မှန်း |

။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| | အပေါ်ကြိုးကာ ၂၃ ရွာတွင်း မြေနီအောင်းကျောက်လမ်း | အမျိုးသား+ အမျိုးသမီး | ၄,၂၀၀,၀၀၀ | (၁၁၆)ယောက် |
| | ရွာချင်း ဆက်မြေနီအောင်း ကျောက်လမ်း (ဟက်မှုန်း) | အမျိုးသား+ အမျိုးသမီး | ၃,၅၀၀,၀၀၀ | (၁၁၆)ယောက် |
| | စက်ရေတွင်း ရေစင် ရေပိုက်သွယ် | အမျိုးသား+ အမျိုးသမီး | ၄,၆၀၀,၀၀၀ | (၁၁၆)ယောက် |
| | ရွာချင်း ဆက်မြေနီအောင်း ကျောက်လမ်း (ကြယ်မော်) | အမျိုးသား+ အမျိုးသမီး | ၅,၀၀၀,၀၀၀ | (၁၁၆)ယောက် |
| | ကျောက်ချောလမ်း ရွာတွင်း | အမျိုးသား+ အမျိုးသမီး | ၅,၂၀၀,၀၀၀ | (၁၁၆)ယောက် |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးအတွက် မျိုးသန့် | ကျား+မ | |
| ၂ | အတိုးသက်သာသော ချေးငွေ | ကျား | |
| ၃ | မွေးမြူရေးအတွက် [illegible] | ကျား+မ | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးကျော်မျိုးဦး ---- လက်မှတ် ---- နေ့စွဲ 26. 9. 2017

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u> ရင်းတိုက်ကျွန်း

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လမ်း၊ မြောကာနံရံ | က / မ | ၂၀၁၇ | ကျေးရွာလူထု | CDD |
| | ၂ | ရွာတွင်း၊ မြင်ချောင်း ကျောက်ခင်းလမ်း | က / မ | ၂၀၁၈ | ကျေးရွာလူထု | CDD |
| | ၃ | စက်ရေတွင်း၊ ရေကျော် ရေပိုက်သွယ် | က | ၂၀၁၉ | ကျေးရွာလူထု | CDD |
| | ၄ | ရင်းတိုက်ကျွန်း၊ ကြပ်တော်ချောင်း ကျောက်ခင်းလမ်း | မ | ၂၀၂၀ | ကျေးရွာလူထု | CDD |
| | ၅ | ရွာတွင်းကျောက်ချောလမ်း | မ | ၂၀၂၁ | ကျေးရွာလူထု | CDD |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | | စပါးမျိုးသန့်ရရှိရန် | က / မ | | | စိုက်ပျိုးရေး၀န်ကြီးဌာန |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | | | | | | |
| ပညာရေး | | | | | | |
| အခြား | ၁ | အတိုးသက်သာသောချေးငွေ | မ | မသိသေး? | | ထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်း |
| | ၂ | မွေးမြူရေးအတွက်ထောက်ပံ့ငွေ | က / မ | | | ထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်း |